## "Team Building Worshop"

## (Training By Daw Nan Theingi Myint – Visionary Co. Ltd.)

(Meeting Hall – Bago General Hospital) (25-10-2019)

**VISION:** To develop Bago General Hospital as a standard, reliable and useful hospital for all kinds of community by provision of quality medical services

**MISSION:** To improve clients and providers satisfactions by ensuring hospital safety with the help of sustaining continuous quality improvement

**GOAL:** To improve quality of hospital services through implementation of 5S-KAIZEN in Bago General Hospital

## ရည်ရွယ်ချက်

ပဲခူးပြည်သူ့ဆေးရုံကြီးရှိ စီမံအုပ်ချုပ်သူများ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသအထောက်အကူပြုဝန်ထမ်းများ၊ အထွေထွေဝန်ထမ်းများအပါအဝင် ဆေးရုံဝန်ထမ်းအားလုံးသည် ဝန်ထမ်းအင်အား မလုံလောက်မှု၊ လုပ်ငန်းခွင်နေရာ ကျဉ်းကြပ်မှု၊ လူနာများထားရှိရန်နေရာ မလုံလောက်မှု၊ ဝန်ထမ်းအိမ်ရာများ မပြည့်စုံ မလုံလောက်မှု၊ အတွင်းလူနာ/ပြင်ပလူနာများ တစ်နေ့ တစ်ခြား များပြား တိုးတက်လာမှုတို့ကြောင့် ဝန်ထမ်းများအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင် နေပါသော်လည်း ပြည်သူလူထု၏ wants and needs များအတွက် စိတ်ကျေနပ်မှုရသည်အထိ ဖြည့်ဆည်းမပေးနိုင်သည့် အခြေအနေများအား နားလည်သဘောပေါက်အောင် မရှင်းပြပေးနိုင်ခြင်း၊ လူနာ/လူနာရှင်များနှင့် ဆေးရုံဝန်ထမ်းများ၏ သဘောသဘာဝနှင့် အခြေခံအချက်အလက်များ မတူညီ ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် နားလည်မှုလွဲမှားခြင်း၊ ဆက်ဆံရေးအဆင်မပြေမှုများရှိနေခြင်း စသည် တို့ကို လျော့နည်းပပျောက်လာစေရန်၊

လက်ရှိအခြေအနေတွင် ဆေးရုံဝန်ထမ်းများအတွက် လစာအပါအဝင် ခံစားခွင့်များ ဖြည့်ဆည်း မပေးနိုင်မီကာလအတွင်း ဝန်ထမ်းများအနေဖြင့် မိမိတို့ အလုပ်လုပ်နေခြင်းအပေါ် တန်ဖိုးထား ဂုဏ်ယူ နိုင်သော significant meaning တစ်ခုရရှိစေလိုခြင်း၊ Customers' satisfaction ရရှိစေရန် နေ့မအား ညမနား ကြိုးစားဆောင်ရွက်နေကြသော ဝန်ထမ်းများအနေဖြင့်လည်း Providers' satisfaction များ ရရှိခြင်းဖြင့် အလုပ်လုပ်ရာတွင် motivation များရရှိရန်နှင့် မိမိတို့၏လုပ်ငန်းကို ပိုမိုမြတ်နိုး တန်ဖိုးထား တတ်လာစေရန်

ပဲခူးဆေးရုံကြီးတွင်ဆောင်ရွက်မည့် Strategic Action Plan အရ Quality of Hospital Services တိုးတက်လာစေရေး 5S-KAIZEN Method အသုံးပြု ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ဆေးရုံဝန်ထမ်း များနှင့် Key Stakeholders များအားလုံး စည်းလုံးညီညွတ်စွာ Positive Attitude ဖြင့် ဆောင်ရွက်နိုင်စေရန်